လူတစ်ဦးသုံးစွဲလိုက်သည့် ဒီနာရ်(ငွေကြေး

)တို့အနက်အမြတ်ဆုံးမှာ မိမိ

မိသားစုအတွက်သုံးစွဲလိုက်သည့် ဒီနာရ်၊

အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် မိမိ၏ အစီးအနင်းအတွက်သုံးစွဲလိုက်သည့် ဒီနာရ် နှင့်အလ္လာဟ်အရှင်မြတ်၏

လမ်းတော်တွင် မိမိ၏မိတ်ဆွေများအတွက် သုံးစွဲလိုက်သည့်ဒီနာရ်တို့ဖြစ်သည်

စောင်ဗားန်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ "
လူတစ်ဦးသုံးစွဲလိုက်သည့် ဒီနာရ်(ငွေကြေး)တို့အနက်အမြတ်ဆုံးမှာ မိမိ
မိသားစုအတွက်သုံးစွဲလိုက်သည့် ဒီနာရ်၊ အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် မိမိ၏
အစီးအနင်းအတွက် သုံးစွဲလိုက်သည့် ဒီနာရ် နှင့်အလ္လာဟ်အရှင်မြတ်၏ လမ်းတော်တွင်မိမိ၏မိတ်ဆွေများအတွက် သုံးစွဲလိုက်သည့် ဒီနာရ်တို့ဖြစ်သည်။အဘူကိလာဗဟ်က(ဟဒီးစ်တော်တွင်) မိသားစုဖြင့်စတင်ထားသည်ဟုပြောပြခဲ့ပြီးနောက်
ဆက်လက်ပြောသည်မှာ မိမိ၏ငယ်ရွယ်သည့်သားသမီးများအပေါ်သုံးစွဲသူထက် ပို၍မည်သူသည်
ကုသိုလ်အကျိုးကြီးမားနိုင်မည်နည်း။ အလ္လာဟ်အရှင်မြတ်သည်
ထိုအရာဖြင့်၎င်းတို့အား တားမြစ်ထားသောအရာများမှ ရှောင်ရှားစေပြီး၊
အကျိုးဖြစ်ထွန်းစေကာ ကြွယ်ဝစေတော်မူသည်။ [صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် လှူဒါန်းသုံးစွဲခြင်း၏အမျိုးမျိုးသော ပုံစံများကို မိန့်ကြားတော်မူခဲ့ပြီးလှူဒါန်းသုံးစွဲရမည့်အကြောင်းအရာများ တိုက်ဆိုင်စုဝေးလာသည့်အခါ ၎င်းတို့ကိုအစီအစဉ်တကျ စီစဉ်ပေးတော်မူခဲ့ပြီး၊မည်သည့်လှူဒါန်းမှုက အသင့်အတွက် ပို၍အရေးကြီးလည်းဆိုတာကို ရှင်းလင်းညွှန်ပြတော်မူခဲ့သည်။ ထို့နောက် တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)သည် အရေးအကြီးဆုံးမှ စတင်မိန့်ကြားတော်မူပြီးထိုမှတစ်ဆင့် အရေးကြီးမှု အနည်းငယ်လျော့သော အရာများဆီသို့ရှင်းလင်းညွှန်ပြတော်မူခဲ့သည်။ သုံးစွဲမှုများအနက် အကျိုးစဝါးဗ်အများဆုံးရရှိသောပစ္စည်းဥစ္စာမှာ မွတ်စ်လင်မ်တစ်ဦးက မိမိအပေါ်၌ စားရိက္ခာထောက်ပံ့ရန်တာဝန်ရှိသူများဖြစ်သော ဇနီးသည် နှင့် သားသမီးကဲ့သို့သော အိမ်ထောင်စုဝင်များအတွက်သုံးစွဲသောပစ္စည်း ဥစ္စာပင်ဖြစ်ပေသည်ဟု ကိုယ်တော်မြတ်က မိန့်ကြားခဲ့သည်။ထို့နောက်အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ဂျိဟာဒ်ပြုလုပ်ရန် အသင့်ပြင်ဆင်ထားသောအစီးအနင်းအတွက် လှူဒါန်းသုံးစွဲခြင်း ဖြစ်သည်။ထို့နောက်မိမိ၏အပေါင်းအသင်းများနှင့် မိတ်ဆွေများအတွက် ၎င်းတို့သည်

အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ ဂျိဟာဒ်ပြုလုပ်နေစဉ် လှူဒါန်းခြင်းဖြစ်သည်။

https://sunnah.global/hadeeth/my/show/3267

